ဧကန်အမှန်ပင်(ဒုအာ) ဆုတောင်းခြင်းသည် အိဗာဒသ်

ခဝပ်ကိုးကွယ်မှုပင်ဖြစ်သည်။

အန်နုအ်မာန်ဗင်န် ဗရှီးရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစ္စလမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ ဧကန်အမှန်ပင်(ဒုအာ) ဆုတောင်းခြင်းသည် အိဗာဒသ်
ခဝပ်ကိုးကွယ်မှုပင်ဖြစ်သည်။ ထို့နောက် ကိုယ်တော်သည် ဤအာယသ်တော်ကို
ရွတ်ဖတ်တော်မူသည်။ “ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်း
ပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို
လက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ
မောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေယုတ်ညံ့စွာနှင့် ‘ဂျဟန္နမ်’ငရဲဘုံသို့ ဝင်ရောက်ကြကုန်အံ့သတည်း။” ကုရ်အာန် (၄၀:၆၀)
[صحيح] [رواه أبو داود والترمذي وابن ماجه وأحمد]

ဒုအာဆုတောင်းခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှုဖြစ်ကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့်ဒုအာတောင်းခံမှုအားလုံးသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်ရမည်။ သို့ဖြစ်၍ ‘ဒုအာအုမတ်စ်အလဟ်’ လောကီ၊ လောကုတ္တရာနှစ်ဌာနစလုံး၌ မိမိအတွက် ကောင်းကျိုးများရရှိရန်နှင့်ဆိုးကျိုးများဖယ်ရှားပေးရန်အတွက် တောင်းခံသည်ဖြစ်စေ၊ ‘ဒုအာအု အိဗာဒဟ်’ အလ္လာဟ်အရှင်မြတ် နှစ်သက်၊သဘောတူသည့် ပြောစကားတိုင်း၊ အတွင်းပိုင်းဆိုင်ရာအပြင်ပိုင်းဆိုင်ရာ အမလ်ကျင့်ဆောင်မှုအားလုံး၊ စိတ်နှလုံးသားဖြင့်ဖြစ်စေ၊ခန္ဓာကိုယ်ဖြင့်ဖြစ်စေ၊ ဥစ္စာပစ္စည်းဖြင့်ဖြစ်စေဆောင်ရွက်ရသောခဝပ်ကိုးကွယ်မှုအားလုံးကို အလ္လာဟ်အရှင်မြတ်အတွက်သာ ပြုလုပ်ရမည်။ ၎င်းနောက်တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစ္စလမ်)က အထောက်အထားအနေဖြင့် အာယသ်တော်အားရွတ်ဖတ်တော်မူခဲ့သည်။ “ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကိုလက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှမောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေယုတ်ညံ့စွာနှင့် ‘ဂျဟန္နမ်’ငရဲဘုံသို့ဝင်ရောက်ကြကုန်အံ့သတည်း။”

https://sunnah.global/hadeeth/my/show/5496


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee